# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 10 , 2022 Volume 55, Number 8


**၁၀.၆.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၄၅ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၄၇၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၈၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၆၀.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၉.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၀၄.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၇.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၆.၄၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၇၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၇၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၀.၂၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၂၁၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မတ်ပဲဈေး သိသိသာသာဆက်တက်နေပြီး ကြက်သွန်နီဈေးလည်းဆက်တက်


https://greenwaymyanmar.com


https://greenwaymyanmar.com

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ ပြီးခဲ့တဲ့ နှစ်ရက်ကတည်းက တစ်တန်ကို ၁၅ သိန်းကျော်ထိ မြင့်တက်သွားတဲ့ မတ်ပဲဈေးတွေမှာ ဒီနေ့ (ဇွန် ၉ ရက်) မှာလည်း သိသိသာသာကို ထပ်တက်လာပါတယ်။ မနေ့က (ဇွန် ၈ ရက်)မှာ တစ်တန်ကို ကျပ် ၁၅၁၃၀၀၀ ရှိခဲ့တဲ့ မတ်ပဲ (အက်ဖ်အေကျူ အာစီ – ၂၀၂၂ ) ဈေးဟာ ဒီနေ့ (ဇွန် ၉ ရက်)မှာ တစ်တန်ကို ကျပ် ၁၄၀၀၀ ကျပ်ထိ မြင့်တက်ခဲ့ပြီး ၁၅၂၇၀၀၀ ဖြစ်လာပါတယ်။ အလားတူ မတ်ပဲ (အက်စ်ကျူအာစီ – ၂၀၂၁) ဟာလည်း တစ်တန်ကို ကျပ် ၁၄၀၀၀ ပဲ မြင့်တက်လာပြီး မနေ့က (ဇွန် ၈ ရက်) မှာ ကျပ် ၁၇၀၃၀၀၀ ရှိရာကနေ ဒီနေ့ (ဇွန် ၉ ရက်)မှာတော့ ၁၇၁၇၀၀၀ ထိ မြင့်တက်လာတာပါ။

"အိန္ဒိယနိုင်ငံက မိုးသီးနှံအတွက် ဈေးနှုန်းတွေ တိုးမြှင့်လိုက်တဲ့ ထုတ်ပြန်ချက်ကြောင့် ပဲဈေးတွေ တက်လာတာဖြစ်တယ်" လို့ AMIA ရဲ့ သတင်းမှာ ဖော်ပြထားပါတယ်။ဈေးကွက်မှာ အတက်ဆက်တိုက်ရှိနေတဲ့ ကြက်သွန်နီဈေးဟာလည်း ဒီနေ့ (ဇွန် ၉ ရက်) မှာ ဆက်လက်မြင့်တက်နေဆဲဖြစ်ပါတယ်။ အမျိုးအစားအလိုက် တစ်မျိုးကို တစ်ပိဿာ ကျပ် ၅၀ ခန့်စီ မြင့်တက်လာတာဖြစ်ပါတယ်။ နယ်ဈေးကွက်တွေမှာလည်း ဈေးဆက်တိုက် မြင့်တက်မှုတွေ ရှိနေတယ်လို့သိရပါတယ်။

မနေ့က (ဇွန် ၈ ရက်) မှာ အတက်ပြလာတဲ့ ကြက်သွန်ဖြူဈေးကတော့ ဒီနေ့ (ဇွန် ၉ ရက်)မှာ ထပ်တက်လာတာမရှိဘဲ ဈေးငြိမ်နေပါတယ်။

| | | |
|---|---|---|
| မတ်ပဲ(အက်ဖ်အေကျူအာစီ) (၂၀၂၂) | (၁)တန် | ၁၅၂၇၀၀၀ ကျပ် |
| မတ်ပဲ(အက်စ်ကျူအာစီ) (၂၀၂၁) | (၁)တန် | ၁၇၁၇၀၀၀ ကျပ် |
| ကြက်သွန်နီ (ဆိပ်ဖြူရှယ်)(သစ်) | (၁)ပိဿာ | ၁၅၀၀ ကျပ် |
| ကြက်သွန်နီ (ဆိပ်ဖြူလတ်ကြီး) | (၁)ပိဿာ | ၁၄၅၀ ကျပ် |
| ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) | (၁)ပိဿာ | ၁၃၀၀ ကျပ် |
| ကြက်သွန်နီ(ဆိပ်ဖြူလတ်ချော) | (၁)ပိဿာ | ၁၀၅၀ ကျပ် |
| ကြက်သွန်ဖြူ(ကြူကုတ်)(ရှယ်) | (၁)ပိဿာ | ၂၆၀၀ မှ ၂၈၀၀ ကျပ် |

ကြက်သွန်ဖြူ(အောင်ပန်း ထူး ၂) (၁)ပိဿာ ၂၀၀၀ မှ ၂၁၀၀ ကျပ်
ကြက်သွန်ဖြူ(အောင်ပန်း ထူး ၃) (၁)ပိဿာ ၂၆၀၀ မှ ၂၇၀၀ ကျပ်
ကြက်သွန်ဖြူ(အောင်ပန်း ထူး ၄) (၁)ပိဿာ ၃၀၀၀ မှ ၃၄၀၀ ကျပ်
ကြက်သွန်ဖြူ(အောင်ပန်း ထူး ၅) (၁)ပိဿာ ၃၇၀၀ မှ ၃၈၀၀ ကျပ်
ကြက်သွန်ဖြူ(ကြူကုတ်)(ရှယ်) (၁)ပိဿာ ၂၆၀၀ မှ ၂၈၀၀ ကျပ်

**Source:** https://greenwaymyanmar.com/posts/market_price_for_june_9

## သဇင်မြေကုန်သွယ်မှုဇုန်ဟိုဌာနမှ မေလ ၂၈ ရက်မှ ဇွန်လ ၃ ရက်နေ့အတွင်း ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၂၈-၅ -၂၀၂၂)မှ (၃-၆-၂၀၂၂) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် အုန်းသီးခြောက်၊ တံမျက်စည်း၊ ဂျင်း(အစို)၊ စစ်တုံဥ၊ ငါးမြစ်ချင်း၊ ဇီးယိုထုပ်၊ ဇီးဖတ်နှင့် မန်ကျည်းစေ့တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၈၂၈၅ ဒသမ ၂၀ ဒေါ်လာတင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။ ၂၀၂၂ ခုနှစ် မတ်လ ၂၈ ရက်မှ ဇွန်လ ၃ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စစ်တုံဥအရေအတွက် ၁၀၁ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ စစ်တုံဥအရေအတွက် ၄၅ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် စစ်တုံဥအရေအတွက် ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ယခုအပတ် စစ်တုံဥ တင်ပို့နိုင်မှု ငွေပမာဏမှာ ၁၀၆၀၅ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်ပစ္စည်းများအနေဖြင့် T-SHIRT (MEN)တို့ တင်သွင်းခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၅၀ ဒေါ်လာတင်သွင်းနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: သဇင်မြေကုန်သွယ်မှုဇုန်ဟိုဌာန**

## မန္တလေးဈေးကွက်အတွင်း ပဲယဉ်းအရောင်းအဝယ်ကောင်းမွန်လာမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တက်

မန္တလေးဈေးကွက်အတွင်း ပဲယဉ်းအရောင်းအဝယ်ကောင်းမွန်လာမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။ လက်ရှိတွင် ပဲယဉ်းများကို ပြည်ပနိုင်ငံများအပြင် ပြည်တွင်းကပါ ဝယ်ယူမှုများလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးနှုန်းများပြန်လည်မြင့်တက်လာကြောင်းသိရသည်။

“ပဲယဉ်းက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းတဲ့ အမျိုးအစားထဲမှာပါတယ်။ အခုလက်ရှိမှာတော့ ပဲယဉ်းအရောင်းအဝယ်က ပြန်ပြီးကောင်းမွန်လာတယ်။ အရောင်းအဝယ်ကောင်းလာတာကြောင့် ဈေးနှုန်းတွေလဲ တဖြည်းဖြည်းပြန်ပြီးတက်လာတယ်။ အခုလတ်တလောကတော့ မန္တလေးဈေးကွက်ထဲမှာ ကုန်သည်တွေအနေနဲ့ ပဲယဉ်းတွေကိုဝယ်ယူပြီး သိုလှောင်တာတွေရှိတယ်။ ပြီးတော့ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ပြီး ကောင်းမွန်လာတာကြောင့် ဈေးကွက်ထဲကုန်စည်လက်ကျန် နည်းပါးလာပြီးဈေးနှုန်းတွေ ပြန်ပြီးမြင့်တက်လာပါတယ်” ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင်အတွင်း မေလနောက်ဆုံးပတ်က ပဲယဉ်းဈေးနှုန်းမှာ သုံးတင်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ ရှိခဲ့သော်လည်း ယနေ့(ဇွန်-၉)တွင် ပဲယဉ်းဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ရှိပြီး ငွေကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဆက်သွယ်ရေးကဏ္ဍအတွက် လာမည့်သုံးနှစ်အတွင်း ဒေါ်လာသန်း ၃၃၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး တစ်ဦးချင်း လုံခြုံရေးအတွက် ပြည်တွင်းပြည်ပဥပဒေများအတိုင်း ကာကွယ်မည်ဟု ATOM ပြောကြား



https://news-eleven.com/article/232131

ဆက်သွယ်ရေးကဏ္ဍအတွက် လာမည့်သုံးနှစ်အတွင်း ဒေါ်လာသန်း ၃၃၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး တစ်ဦးချင်း လုံခြုံရေးအတွက် ပြည်တွင်းပြည်ပ ဥပဒေများအတိုင်း ကာကွယ်မည်ဟု ATOM က ပြောကြားသည်။ နော်ဝေအခြေစိုက် တယ်လီနောမြန်မာကို လွှဲပြောင်းရယူခဲ့ပြီး ATOM ဟု အမည်ပြောင်းလဲထားသည့် အဆိုပါ ဆက်သွယ်ရေး ကုမ္ပဏီက ဇွန် ၈ ရက်တွင် အမည်ပြောင်းလဲခြင်းနှင့် ၎င်းတို့၏ ဆက်သွယ်ရေးကွန်ရက် စတင်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ဆက်သွယ်ရေးကွန်ရက်များ အဆင့်မြှင့်တင်ခြင်း၊ စီးပွားရေးလုပ်ငန်းများအသွင်ကူးပြောင်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် ပြည်တွင်းရှိ အရည်အချင်းရှိလူငယ်များကို မြေတောင်မြှောက်ပေးခြင်းတို့ပြုလုပ်ရန် လာမည့်သုံးနှစ်အတွင်း ဒေါ်လာ သန်း ၃၃၀ ကျော်ကို ရင်းနှီးမြှုပ်နှံမည်ဟု ATOM က ထုတ်ပြန်သည်။ "ခိုင်မာတဲ့ အခြေခံ အုတ်မြစ်ပေါ်မှာ တည်ဆောက်လာတဲ့ သမိုင်းကြောင်းကို ဆက်လက်လျှောက်လှမ်းရတာ ဂုဏ်ယူစရာပါပဲ။ သုံးစွဲသူတွေကို ပိုမိုကောင်းမွန်တဲ့ အတွေ့အကြုံတွေဖြစ်တဲ့ ဂရုစိုက်မှု၊ နည်းပညာ၊ စည်းလုံးညီညွတ်မှု၊ ပြိုင်ဘက်ကင်းတဲ့ ဝန်ဆောင်မှုနှင့် ကမ္ဘာ့အဆင့်မီကွန်ရက်ကို ပေးဆောင်ဖို့ရည်ရွယ်ပါတယ်။ ATOM ကို ရည်ရွယ်ချက်ရှိရှိအပြင် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် လည်ပတ်လုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု အမှုဆောင်အရာရှိချုပ် Muhammad Ziaullah Siddiqui က ပြောကြားသည်။ ယင်းအပြင် ဆက်သွယ်ရေးကွန်ရက်အတွက် လာမည့်နှစ်များတွင် 5G စနစ်ကို မိတ်ဆက်မည်ဖြစ်ကြောင်း၊ အများအကျိုးပြု အစီအစဉ်အဖြစ် လာမည့်သုံးနှစ်အတွင်း မြန်မာကျပ်သန်းသုံးထောင်ကိုသုံးစွဲမည်ဟု ATOM က ထုတ်ပြန်ခဲ့သည်။

သုံးစွဲသူများအတွက် တစ်ဦးချင်းလုံခြုံရေးနှင့် ပတ်သက်ပြီး နိုင်ငံတကာဥပဒေများ၊ ပြည်တွင်းဥပဒေများနှင့်အတူ အကာအကွယ်ပေးမည်ဟု ATOM ဆက်သွယ်ရေးကုမ္ပဏီမှ Chief Human Resources Officer ဦးကျော်မင်းသိန်းက ပြောကြားသည်။ "တစ်ဦးချင်း လုံခြုံရေးအတွက် ပြည်တွင်းဥပဒေ၊ နိုင်ငံတကာဥပဒေတွေနဲ့အညီ အကာအကွယ်ပေးသွားပါမယ်။ ဆက်သွယ်ရေးအတွက် လုံခြုံစိတ်ချစွာ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်" ဟု ဦးကျော်မင်းသိန်းက ပြောကြားသည်။

တယ်လီနောကုမ္ပဏီထံမှ ပါကစ္စတန်နိုင်ငံ M1 ကုမ္ပဏီနှင့် ပြည်တွင်းမိတ်ဖက်ကုမ္ပဏီဖြစ်သည့် ရွှေဗျိုင်းဖြူကုမ္ပဏီတို့က တယ်လီနောမြန်မာအား ဒေါ်လာ ၁၀၅ သန်းဖြင့် လွှဲပြောင်းဝယ်ယူခဲ့သည်။ ၁၉၉၆ ခုနှစ်၌ ထူထောင်ခဲ့သော ရွှေဗျိုင်းဖြူကုမ္ပဏီသည် ရေနံထွက်ကုန်ပစ္စည်းများကိုဖြန့်ဖြူးပြီး လုပ်ငန်းစတင်ခဲ့ခြင်းဖြစ်သည်။ ယင်းကုမ္ပဏီတွင် မြန်မာဝန်ထမ်း ၂၀၀၀ ကျော်ရှိသည်ဟုသိရသည်။

ရွှေဗျိုင်းဖြူကုမ္ပဏီသည် ရေနံ၊ စက်မှု၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေး၊ ရေထွက်ပစ္စည်းများကို အဓိကထားလုပ်ကိုင်နေကာ ဆက်သွယ်ရေးလုပ်ငန်းအတွေ့အကြုံမရှိဟု ယင်းကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားကြောင်း AFP သတင်းတစ်ပုဒ်တွင် ရေးသားထားသည်။

**Source:** https://news-eleven.com/article/232131

## ရုရှားက အာရှဒေသသို့ ရေနံကိုတိုးမြှင့်တင်ပို့ပေးနေ

ရုရှားနိုင်ငံက နိုင်ငံအရှေ့ပိုင်းရှိ ကော့ဇမီနိုဆိပ်ကမ်းမှနေ၍ အာရှဒေသရှိနိုင်ငံများသို့ ရေနံကိုတိုးမြှင့်တင်ပို့ ပေးလျက်ရှိကြောင်း၏သိရသည်။ တိုးမြှင့်တင်ပို့ပေးနေသည့်ပမာဏမှာ ပုံမှန်တင်ပို့မှုထက် ငါးပုံတစ်ပုံခန့်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပြောဆိုချက်ကိုကိုးကား၍ သတင်းဌာနတစ်ခုက ဇွန် ၈ ရက်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံပိုင် ရေနံပိုက်လိုင်းကုမ္ပဏီဖြစ်သည့် ထရန်စနက်က ကော့ဇမီနိုဆိပ်ကမ်းရှိ အာရှဒေသပိုက်လိုင်းသို့ တစ်ရက်လျှင် ရေနံစိမ်းစည် ၇၀၀၀၀ ပို့လွှတ်နေခြင်းဖြစ်သည်။ ထို့ပြင် ရေနံစီးဆင်းမှု မြန်ဆန်စေရေးအတွက် ဓာတုပစ္စည်းများကို

TIR

အသုံးပြုဆောင်ရွက်နေကြောင်း အမည်မဖော်လိုသူ သတင်းအရင်းအမြစ်များကပြောသည်။ ထို့ကြောင့် ကော့ဇမီနိုဆိပ်ကမ်းမှ နေ၍ အာရှဒေသသို့ ရေနံစိမ်းတင်ပို့မှုသည် ယခုနှစ်အစောပိုင်းတွင် တစ်ရက်လျှင် စည်ပေါင်း ၇ သိန်းခွဲခန့်ရှိရာမှ ယခုအခါ စည်ပေါင်း ၉ သိန်းအထိ တိုးမြှင့်တင်ပို့ပေးနိုင်စေမည်ဖြစ်သည်။

ယင်းသို့ရေနံတင်ပို့မှုကို အရှေ့ဆိုက်ဘေးရီးယား ပစိဖိတ်သမုဒ္ဒရာ ပိုက်လိုင်းမှတစ်ဆင့် လုပ်ဆောင်နေခြင်းဖြစ်ပြီး ထိုပိုက်လိုင်းသည် ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ ရေနံတွင်းများတွင် မြစ်ဖျားခံကာ ကော့ဇမီနိုဆိပ်ကမ်းမှ တစ်ဆင့် တရုတ်နိုင်ငံအထိ ဖောက်လုပ်ထားခြင်းဖြစ်သည်။ ယင်းပိုက်လိုင်းမှနေ၍ တစ်ရက်လျှင် ရေနံစည်စုစုပေါင်း ၁ ဒသမ ၆၄ သန်း အထိတင်ပို့နိုင်သည်။ ရုရှားနိုင်ငံက ၎င်းတို့အနေဖြင့် အနောက်နိုင်ငံများသို့ တင်ပို့နေသော စွမ်းအင်များကို ဝယ်လိုအားမြင့်တက်လာသည့် အာရှဒေသသို့ လမ်းကြောင်းပြောင်းလဲပေးပို့သွားနိုင်ရေး မျှော်မှန်းထားသည်။

အာရှဒေသသည်လည်း ၂၀၂၂ ခုနှစ် ဧပြီလတွင် ရုရှားနိုင်ငံမှစွမ်းအင်များကို အများဆုံးတင်သွင်းသည့် ဒေသဖြစ်လာပြီး အထူးသဖြင့် တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့က အများဆုံးဝယ်ယူနေခြင်းဖြစ်ကြောင်းသိရသည်။

**Source: RT**

https://www.myawady.net.mm/node/26556

## STOCK EXCHANGE (10.6.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Jun. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 49 | 372,400 | 33,109,694 | 251,634 |
| MTSH | 00002 | 2,700 | +50 | +1.89% | 2,700 | 2,700 | 2,700 | 598 | 1,614,600 | 38,929,150 | 105,109 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 4 | 32,000 | 10,400,986 | 83,208 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 10 | 180,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,600 | +50 | +1.96% | 2,600 | 2,600 | 2,600 | 71 | 184,600 | 12,823,224 | 33,340 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,650 | 2,650 | 2,550 | 71 | 183,050 | 19,977,223 | 50,942 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 10 | 50,000 | 10,497,598 | 52,488 |


### Market summary

As of 10th Jun. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.10 | +1.49 | +0.42% | 356.76 | 357.88 | 356.73 | 813 | 2,616,650 | 7 | 621,218 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 10th Jun. 2022

| MYANPIX | 357.10 ▲ 1.49 |
|---|---|
| Total Volume (shares) | 813 |
| Total Value (MMK) | 3 mil |
| Listed Company | 7 |
| Market Cap. (MMK) | 621,218 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,600 | ▲ 0 |
| MTSH | 00002 | 2,700 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 50 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR